ကုမ္ပဏီအမည် - Yangon Panatex Apparel Company Limited
လုပ်ငန်း - CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၁၇-၁၂-၂၀၁၅		
၂	သဘောထားမှတ်ချက်တောင်းခံခြင်း			
	(က)ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	၅-၁-၂၀၁၆	၂၇-၁-၂၀၁၆	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၂-၁-၂၀၁၆	၁၈-၁-၂၀၁၆	
	(ဂ) စက်မှုဝန်ကြီးဌာန	၅-၁-၂၀၁၆	၂၂-၁-၂၀၁၆	
	စက်မှုဝန်ကြီးဌာန(ဒုတိယအကြိမ်)	၅-၂-၂၀၁၆	၁၆-၂-၂၀၁၆	
	(ဃ)CMPလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ	၅-၁-၂၀၁၆	၂၀-၁-၂၀၁၆	
	CMPလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (ဒုတိယအကြိမ်)	၅-၂-၂၀၁၆	၅-၂-၂၀၁၆	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေးသို့ တင်ပြခြင်း (၄၈/၂၀၁၅)	၂၉-၁၂-၂၀၁၅		
၄	အဆိုပြုချက် စိစစ်ရေးအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက် ပြန်ကြားခြင်း	၆-၁-၂၀၁၆		
၅	အဆိုပြုလွှာလက်ခံကြောင်းပြန်ကြားခြင်း	၃၀-၁၂-၂၀၁၅		
၆	ကုမ္ပဏီမှပြန်လည်ပြင်ဆင်၍ အဆိုပြုလွှာ(၁၀)စုံပေးပို့ခြင်း	၁၆-၂-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက် (၆၁) ရက်			

ကန့်သတ်

အကြောင်းအရာ။ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Yangon Panatex Apparel Company Limited မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Yangon Panatex Apparel Company Limited - Mr. Hajime Okano (Japanese)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - Singapore Panatex Trading Co., Pte. Ltd. (Singapore) ၉၉.၉၉၉၃% - Mr. Hajime Okano (Japanese) ၀.၀၀၀၇%
	လုပ်ငန်းအမျိုးအစား	- CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း
၂။	တည်နေရာ	- ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန် စက်မှုဇုန်၊ မြေတိုင်း ရပ်ကွက် အမှတ် (င-၁၂)၊ မြေကွက် အမှတ်(၄)
	မြေပိုင်ရှင်	- ပရိမာလ်ဒေဝီ(ခ)နီလာအောင်
	မြေအကျယ်အဝန်း	- မြေဧရိယာ ၁.၉၉၄ ဧက အနက်မှ မြေဧရိယာ ၀.၉၆ ဧက (၃၈၈၄.၉၈ စတုရန်းမီတာ)
	အဆောက်အဦအကျယ်အဝန်း	- ၂၄၀ ပေ x ၁၀၀ ပေ တစ်ထပ်အဆောက်အဦ (စက်ရုံနှင့်ရုံးခန်း) - ၂၀ ပေ x ၁၅ ပေ တစ်ထပ်အဆောက်အဦ (မီးစက်) - ၄ ပေ x ၄ပေ x ၁၂ ပေ တစ်ထပ်အဆောက်အဦ (၁၂ခန်းပါသန့်စင်ခန်း)
	မြေငှားရမ်းကာလ	- ကနဦး ၅ နှစ် (နောက်ထပ် နှစ်၂၀ အထိ သက်တမ်းတိုးမည် ဖြစ်ပါသည်)
၃။	နှစ်စဉ်မြေနှင့် အဆောက်အဦငှားရမ်းခ	- ပထမနှစ်နှင့် ဒုတိယနှစ်အတွက် တစ်နှစ်လျှင်ကျပ် ၁၂၀သန်း -တတိယနှစ်အတွက် တစ်နှစ်လျှင် ကျပ် ၁၃၂ သန်း -စတုတ္ထနှစ်အတွက် တစ်နှစ်လျှင် ကျပ် ၁၄၅သန်း -ပဉ္စမနှစ်အတွက် တစ်နှစ်လျှင် ကျပ်၁၆၀သန်းဖြင့် ပထမ ၅နှစ် အတွင်း နှစ်အလိုက် တိုးမြှင့် ကောက်ခံမည်ဖြစ်ပြီး ကျန်နှစ်များ အတွက် နှစ်ဖက်သဘောတူညီမှုဖြင့် ငှားရမ်းမည် ဖြစ်ကြောင်း တင်ပြထားပါသည်။ -ပထမနှစ်နှင့် ဒုတိယနှစ်အတွက် ၁နှစ် တစ်စတုရန်း မီတာလျှင် ကျပ် ၃၀,၉၂၈ နှုန်း -တတိယနှစ်အတွက်၁နှစ်တစ်စတုရန်းမီတာလျှင်ကျပ်၃၄,၀၂၀ နှုန်း -စတုတ္ထနှစ်အတွက်၁နှစ်တစ်စတုရန်းမီတာလျှင် ကျပ်၃၇,၄၂၃ နှုန်း -ပဉ္စမနှစ်အတွက် ၁ နှစ်တစ်စတုရန်းမီတာလျှင်ကျပ် ၄၁,၁၆၅ နှုန်း
၄။	လုပ်ငန်းသက်တမ်း	- နှစ် ၅၀

	တည်ဆောက်ရေးကာလ	- ၁နှစ်
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- US $ ၁.၅၀ သန်း
	ထည့်ဝင်သည့်အမျိုးအစား	- US $ (သန်း)
	ငွေသား	၁.၀၀
	စက်နှင့်စက်ပစ္စည်းကိရိယာတန်ဖိုး(ပြည်ပဝယ်)	၀.၄၆
	စက်ရုံသုံးပစ္စည်းတန်ဖိုး(ပြည်ပဝယ်)	၀.၀၄
	စုစုပေါင်း	**၁.၅၀**
၆။	ဝန်ထမ်းအင်အား(ဒုတိယနှစ်)	- ၁၀၄ ဦး
	ပြည်တွင်း	- ၁၀၂ဦး (ပြည်တွင်းဝန်ထမ်း တစ်ဦး၏ အနိမ့်ဆုံး လစာမှာ ကျပ် ၁၀၆,၈၂၀နှင့်အမြင့်ဆုံးလစာမှာ ကျပ် ၆၆၈,၄၇၀)
	ပြည်ပ	- ၂ဦး (ပြည်ပဝန်ထမ်းတစ်ဦး၏လစာမှာ US $ ၁,၀၀၀ ဖြစ်ပါသည်။)
၇။	ရောင်းချမည့်စနစ်	- ၁၀၀% ပြည်ပသို့တင်ပို့မည်ဖြစ်ပါသည်။
၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်)	- US $ ၀.၆၆၁ သန်း
	ကုမ္ပဏီ၏ အသုံးစရိတ် (ဆဋ္ဌမနှစ်)	- US $ ၀.၅၃၃ သန်း
	ကုမ္ပဏီ၏ အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- US $ ၀.၁၂၈ သန်း
၉။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ်	
	ဝင်ငွေခွန်(ဆဋ္ဌမနှစ်)	- US $ ၀.၀၄၃ သန်း
	အရင်းကြေကာလ	- ၁၀နှစ် ၈လ
	IRR	- ၁၁.၄၉ %
		- အမေရိကန်တစ်ဒေါ်လာလျှင်၁၂၉၈ကျပ်နှုန်းဖြင့်တွက်ချက်ထားပါသည်။
၁၀။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (နှစ်စဉ်)	- ၁၄၄,၄၀၀ kWh
၁၁။	ထုတ်လုပ်မှုနှင့် CMP လက်ခနှုန်း (၆နှစ်မြောက်)	

အမျိုးအစား	ထုတ်လုပ်မှု အရေအတွက်	CMP လက်ခနှုန်း
Man's Pajamas Woven	၄၈,၄၀၀(Pair)	၃.၀၅(US$/ Pair)
Women's Pajamas Woven	၄၈,၄၀၀ (Pair)	၂.၆၈ (US$/ Pair)
Man's Pajamas Knitted	၄၈,၄၀၀ (Pair)	၃.၀၅ (US$/ Pair)
Women's Pajamas Knitted	၄၈,၄၀၀ (Pair)	၂.၆၈ (US$/ Pair)
Man's Jackets Woven	၆,၀၅၀(Pcs)	၃.၆၅ (US$/ Pcs)
Women's Jacket Woven	၆,၀၅၀ (Pcs)	၃.၆၅ (US$/ Pcs)
Man's Pants Woven	၆,၀၅၀ (Pcs)	၂.၆၈ (US$/ Pcs)
Women's Pants Woven	၆,၀၅၀ (Pcs)	၂.၆၈ (US$/ Pcs)
Man's T-shirt	၆,၀၅၀ (Pcs)	၂.၄၄(US$/ Pcs)
Women's T-shirt	၆,၀၅၀ (Pcs)	၂.၄၄(US$/ Pcs)

၁၂။	အခြား	- Yangon Panatex Apparel Company Limited ၏ သင်းဖွဲ့ စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း၊ ဒါရိုက်တာစာရင်းနှင့် Passport မိတ္တူများကို တင်ပြထားပါသည်။

		- Singapore Panatex Trading Co., Pte. Ltd.နှင့် Yangon Panatex Apparel Company Limited တို့ချုပ်ဆို ထားသော Processing Contract ကိုတင်ပြထားပါသည်။ - ငွေကြေးအထောက်အထားအဖြစ် Business of Industrial and Commercial Bank of China Co.,Ltd.တွင် Mr. Hajime Okano အမည်ဖြင့်၁၇-၁၁-၂၀၁၅နေ့တွင်ယွမ်၄၅၀,၀၀၀ (ညီမျှသော အမေရိကန် ဒေါ်လာ ၇၀,၀၁၄.၀၅) ရှိကြောင်းနှင့် China Merchants Bank Jinqiao Sub-branch တွင် Shanghai Okano Apparel Co., Ltd.အမည်ဖြင့် ၃-၁၁-၂၀၁၅ နေ့တွင် ယွမ် ၁,၃၉၉,၃၄၁.၆၄ (ညီမျှသော အမေရိကန် ဒေါ်လာ ၂၁၇,၇၁၉.၇၈) ရှိကြောင်းတင်ပြထားပါသည်။ - တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (ရှန်ဟိုင်း)တွင် ဖွဲ့စည်းတည်ထောင်ထားသော Shanghai Okano Apparel Co., Ltd. ၏ အထောက်အထားများ တင်ပြထားပါသည်။ - Shanghai Okano Apparel Co., Ltd.၏ ဒါရိုက်တာ အစည်းအဝေးမှတ်တမ်း တင်ပြထားပါသည်။ - မြေနှင့် အဆောက်အဦ ငှားရမ်းခြင်း စာချုပ်(မူကြမ်း)ကိုတင်ပြထားသည်။ - CSR အတွက်ကုမ္ပဏီ၏ အသားတင်အမြတ်ငွေထဲမှ ၁% သုံးစွဲသွားမည်ဖြစ်ကြောင်းတင်ပြထားပါသည်။ - လုပ်ငန်းခွင် သာယာရေးနှင့် မီးဘေး ကာကွယ်ရေး အတွက် ဆောင်ရွက်ထားရှိမှု အစီအစဉ်များနှင့် ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရန် ဆောင်ရွက်မည့်လုပ်ငန်းများအားတင်ပြထားပါသည်။ - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ် ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထား လာပါသည်။ - အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၄၉/၂၀၁၄ ဖြင့်ထုတ်ပြန်ထားသည့် စီးပွားရေး လုပ်ငန်း အမျိုးအစားများတွင် ခွင့်မပြုသည့် လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရမည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။
၁၃။	မီးဘေးကာကွယ်ရေးအစီအစဉ်	- မီးဘေးကာကွယ်ရေးအနေဖြင့် မီးသတ်ဆေးဗူးများ အဆင်သင့်ထားရှိခြင်း၊ အရေးပေါ် အချက်ပေးစနစ် ကိရိယာများ တပ်ဆင် အသုံးပြုခြင်းနှင့် မီးဘေးကာကွယ် ရေးအတွက် လိုအပ်သည်များကိုလည်း စီစဉ်ထားရှိကြောင်း တင်ပြထားပါသည်။

ကုမ္ပဏီအမည်	-	Yangon Panatex Apparel Company Limited
အဖွဲ့အစည်းပုံသဏ္ဌာန်	-	ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	CMPစနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ	-	ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(င-၁၂)၊ မြေကွက်အမှတ်(၄)
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	အမေရိကန်ဒေါ်လာ ၁.၅၀ သန်း
ရောင်းချမည့်စနစ်	-	ပြည်ပသို့ ၁၀၀ % တင်ပို့မည်ဖြစ်ပါသည်။
လုပ်ငန်းသက်တမ်း	-	၅၀နှစ်
အရင်းကြေကာလ	-	၁၀နှစ်၈လ
IRR	-	၁၁.၄၉%

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	၃.၀၀ (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		၁.၁၇
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	၆၄.၉	
၄	ဝင်ငွေခွန်	၁၈၁.၇	၄၃၆.၁၃
၅	လျှပ်စစ်မီးသုံးစွဲခ		၂၃.၃၆
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်းနှစ်ဆယ်ထက်ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း (၉) ဦး
၇	CSR (၁%)		၁၀.၉၅
၈	မြေနှင့်အဆောက်အဦ ငှားရမ်းခရငွေ		၉၆၀.၀
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၁၀၂ ဦး ပြည်ပ ၂ ဦး ပြည်တွင်းလုပ်သား (၁၀၂) ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါ သည်။
	စုစုပေါင်း	**၂၄၉.၆**	**၁၄၃၁.၆၁**
	Cost **:** Benefit	၁ **:** ၆	

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက- ၃/န-၁၃၀၃/၂၀၁၆(၂၆၉)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြမည့်အမှာစာ

အကြောင်းအရာ။ **ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Yangon Panatex Apparel Company Limitedမှ CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ စင်ကာပူသမ္မတနိုင်ငံမှ Singapore Panatex Trading Co., Pte. Ltd. ၉၉.၉၉၉၃ % နှင့် Mr. Hajime Okano ၀.၀၀၀၇% တို့ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Yangon Panatex Apparel Company Limited တည်ထောင်ကာ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (င-၁၂)၊ မြေကွက် အမှတ်(၄)ရှိ မြေဧရိယာ ၁.၉၉၄ ဧက အနက်မှ မြေဧရိယာ ၀.၉၆ ဧက (၃၈၈၄.၉၈ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများအား ငှားရမ်း၍ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက် ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ပရိမာလ်ဒေဝီ (ခ) နီလာအောင်နှင့် Yangon Panatex Apparel Company Limitedတို့ ချုပ်ဆိုမည့် မြေနှင့်အဆောက်အဦငှားရမ်းခြင်း စာချုပ် (မူကြမ်း)၊ Singapore Panatex Trading Co., Pte. Ltd.နှင့် Yangon Panatex Apparel Company Limited တို့ချုပ်ဆိုထားသော Processing Contract နှင့် မြန်မာနိုင်ငံ တွင်ဖွဲ့စည်းတည်ထောင်မည့် Yangon Panatex Apparel Company Limited ၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း (မူကြမ်း)တို့ကို ပူးတွဲတင်ပြထား ပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန် စက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ်(င-၁၂)၊ မြေကွက်အမှတ်(၄) ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်း ဆောင်ရွက်မည့် မြေဧရိယာ ၀.၉၆ဧက(၃၈၈၄.၉၈စတုရန်းမီတာ)အတွက် တစ်နှစ်တစ်စတုရန်း မီတာလျှင် ကျပ် ၃၀,၉၂၈ နှုန်းဖြင့် ငှားရမ်းမည်ဖြစ်ပြီး ပထမနှစ်နှင့် ဒုတိယနှစ်အတွက် တစ်နှစ်လျှင်ကျပ် ၁၂၀သန်း၊ တတိယနှစ်အတွက် တစ်နှစ်လျှင် ကျပ် ၁၃၂ သန်း၊ စတုတ္ထနှစ် အတွက် တစ်နှစ်လျှင် ကျပ် ၁၄၅သန်းနှင့် ပဉ္စမနှစ်အတွက် တစ်နှစ်လျှင် ကျပ်၁၆၀သန်း ဖြင့် ပထမ ၅နှစ် အတွင်းနှစ်အလိုက်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်းတင်ပြထားပါသည်။မြေငှားရမ်း သက်တမ်းမှာ ကနဦး ၅နှစ် နှင့် နောက်ထပ်နှစ်၂၀ အထိသက်တမ်းတိုး မည်ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ၅၀နှစ် ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ (၁)နှစ်ဟု ဖော်ပြ ထားပါသည်။

ကန့်သတ်

၅။ လုပ်ငန်း၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု US $ ၁.၅၀ သန်း ဖြစ်ပြီး ထည့်ဝင်မှုမှာ ငွေသား US$ ၁ သန်း၊စက်နှင့်စက်ပစ္စည်းကိရိယာတန်ဖိုး(ပြည်ပဝယ်)US$ ၀.၄၆သန်းနှင့်စက်ရုံသုံးပစ္စည်းတန်ဖိုး (ပြည်ပဝယ်)US$ ၀.၀၄ သန်း ဖြစ်ပါသည်။

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ဒုတိယနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း ၁၀၂ ဦးနှင့် ပြည်ပမှ ဝန်ထမ်း ၂ ဦး စုစုပေါင်း ၁၀၄ ဦးခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၁၁၆,၈၂၀ ဖြစ်ပြီး အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၆၆၈,၄၇၀ ဖြစ်ပါသည်။ ပြည်ပမှဝန်ထမ်းတစ်ဦး၏ လစာမှာ US $ ၁,၀၀၀ ဖြစ်ပါသည်။

၇။ လုပ်ငန်းမှ ထွက်ရှိသော အဝတ်အထည်များကို ပြည်ပသို့ ၁၀၀% တင်ပို့မည် ဖြစ်ပါသည်။ ပုံမှန်နှစ်(၆နှစ်မြောက်)၏ ထုတ်လုပ်မှုအရေအတွက် နှင့်CMPလက်ခနှုန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

အမျိုးအစား	ထုတ်လုပ်မှုအရေအတွက်	CMP လက်ခနှုန်း
Man's Pajamas Woven	၄၈,၄၀၀(Pair)	၃.၀၅(US$/ Pair)
Women's Pajamas Woven	၄၈,၄၀၀ (Pair)	၂.၆၈ (US$/ Pair)
Man's Pajamas Knitted	၄၈,၄၀၀ (Pair)	၃.၀၅ (US$/ Pair)
Women's Pajamas Knitted	၄၈,၄၀၀ (Pair)	၂.၆၈ (US$/ Pair)
Man's Jackets Woven	၆,၀၅၀(Pcs)	၃.၆၅ (US$/ Pcs)
Women's Jacket Woven	၆,၀၅၀ (Pcs)	၃.၆၅ (US$/ Pcs)
Man's Pants Woven	၆,၀၅၀ (Pcs)	၂.၆၈ (US$/ Pcs)
Women's Pants Woven	၆,၀၅၀ (Pcs)	၂.၆၈ (US$/ Pcs)
Man's T-shirt	၆,၀၅၀ (Pcs)	၂.၄၄(US$/ Pcs)
Women's T-shirt	၆,၀၅၀ (Pcs)	၂.၄၄(US$/ Pcs)

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်(၆နှစ်မြောက်)တွင် ရရှိမည့်ကုမ္ပဏီ၏ ဝင်ငွေ နှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

US $ (သန်း)

(က)	ဝင်ငွေ	၀.၆၆၁
(ခ)	အသုံးစရိတ်	၀.၅၃၃
(ဂ)	အသားတင်အမြတ်	၀.၁၂၈

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် US $ ၀.၀၄၃ သန်း ရရှိမည်ဖြစ်ပြီး၊ လုပ်ငန်း၏ အရင်းကြေကာလမှာ ၁၀နှစ် ၈လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း IRR မှာ ၁၁.၄၉ %ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁၂၉၈ကျပ် နှုန်းဖြင့် တွက်ချက်ဖော်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ တစ်ဖက်ပါအတိုင်း သဘောထား မှတ်ချက်ပြန်ကြားထားပါသည် -

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြစီမံကိန်းအား ထိခိုက်မှုမရှိခြင်း၊ မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူ ဖြစ်စေသဖြင့် ၂၁-၁-၂၀၁၆ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၃/၂၀၁၆ ဆုံးဖြတ်ချက် အပိုဒ်(၁၂)အရ ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း သဘောထား ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(က)**

(ခ) **ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန**မှ အဆိုပြု လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြား ထားပါသည် -

(၁) အဆိုပြုစီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်ပျက်စီးမှုများကို ရှောင်ရှားနိုင်ရန်အတွက် လုပ်ငန်း အစီအမံများ၊ စက်ရုံ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး စီမံချက်များ၊ လုပ်ငန်း လည်ပတ်ခြင်းနှင့် ထုတ်လုပ် ခြင်းအဆင့်ဆင့်တို့၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ် များကိုအသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ယူ ပူးပေါင်း ဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အသားတင်အမြတ်ငွေ၏(၁%)အား အသုံးပြုခြင်းတို့ အပါအဝင် ကတိကဝတ်များအား လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၂) အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်မှုများကို ရှောင်ရှားနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်ရာ တွင် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းပညာများ၊ နည်းလမ်း များကိုအသုံးပြုရန်။

(၃) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် နှင့် လူတို့၏ ကျန်းမာရေးကို မထိခိုက်စေရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည်များ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့် လေ့လာမည့် အစီအစဉ်၊ သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)ရေးဆွဲ တင်ပြရန်နှင့် စီမံချက်ပါ အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၄) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊စည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာကျင့်သုံးအကောင်အထည် ဖော်ဆောင်ရွက်ရန်။

(ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှု မရှိစေရန်အတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် Environmental Management Plan-EMP ရေးဆွဲမည်ဖြစ်ကြောင်းတင်ပြထားပါသည်။) **နောက်ဆက်တွဲ(ခ)**

(ဂ) **စက်မှုဝန်ကြီးဌာန**၏ သဘောထားမှတ်ချက်နှင့်အညီ ကုမ္ပဏီမှ ပြင်ဆင်တင်ပြခြင်းကိုစက်မှုဝန်ကြီးဌာနမှ လက်ခံနိုင်ကြောင်း စိစစ်ပြီးဖြစ်ပါသည်။ **နောက်ဆက်တွဲ(ဂ)**

(ဃ) **CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ** ၏ သဘောထားမှတ်ချက်နှင့်အညီ ကုမ္ပဏီမှ ပြင်ဆင်တင်ပြခြင်းကို CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ မှ လက်ခံနိုင်ကြောင်း စိစစ်ပြီးဖြစ်ပါသည်။ **နောက်ဆက်တွဲ(ဃ)**

၁၁။ ငွေကြေးအထောက်အထားအဖြစ် Business of Industrial and Commercial Bank of China Co.,Ltd.တွင် Mr. Hajime Okano အမည်ဖြင့်၁၇-၁၁-၂၀၁၅နေ့တွင်ယွမ်၄၅၀,၀၀၀ (ညီမျှ သော အမေရိကန် ဒေါ်လာ ၇၀,၀၁၄.၀၅) ရှိကြောင်းနှင့် China Merchants Bank Jinqiao Sub-branch တွင် Shanghai Okano Apparel Co., Ltd.အမည်ဖြင့် ၃-၁၁-၂၀၁၅ နေ့တွင် ယွမ် ၁,၃၉၉,၃၄၁.၆၄ (ညီမျှသော အမေရိကန် ဒေါ်လာ ၂၁၇,၇၁၉.၇၈) ရှိကြောင်း တင်ပြထားပါသည်။ ထို့အပြင် ၂၃-၇-၂၀၁၅နေ့တွင် တည်ထောင်ထားသော Singapore Panatex Trading Co., Pte. Ltd.၏ ကုမ္ပဏီမှတ်ပုံတင် အမှတ်-201529770R အား တင်ပြထားပါသည်။

၁၂။ **မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အနေဖြင့်** မီးသတ်ဆေးဗူးများ အဆင်သင့်ထားရှိခြင်း၊ fire detector၊ gas detector ၊ smoke detector ၊ emergency lighting system ၊ smoke curtain system စသည့် အရေးပေါ်အချက်ပေးစနစ် ကိရိယာများ တပ်ဆင် အသုံးပြုခြင်းနှင့် မီးဘေးကာကွယ်ရေးအတွက် လိုအပ်သည်များကိုလည်း စီစဉ်ထားရှိကြောင်းတင်ပြထားပါသည်။

၁၃။ Yangon Panatex Apparel Company Limited မှ ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင် သာယာရေး စီစဉ်ထားရှိမှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဝန်ထမ်းများ၏ လစာငွေအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် CSR အတွက် ကုမ္ပဏီ၏ အသားတင် အမြတ်ငွေထဲမှ ၁% ကို အသုံးပြုမည်ဖြစ်ကြောင်းတင်ပြထားပါသည်။

၁၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၅။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၄၉/၂၀၁၄ ဖြင့် ထုတ်ပြန်ထားသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများတွင် ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရမည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။

၁၆။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၄၈/၂၀၁၅ (၂၉-၁၂-၂၀၁၅) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၇။ ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူခွင့်ပြုပြီးမှသာ ကော်မရှင်ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၈။ Yangon Panatex Apparel Company Limited တည်ထောင်ကာ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၀-၁၂)၊ မြေကွက်အမှတ်(၄)ရှိ မြေဧရိယာ ၁.၉၉၄ ဧက အနက်မှ မြေဧရိယာ ၀.၉၆ ဧက (၃၈၈၄.၉၈ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအား ငှားရမ်း၍ CMP စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဌ(ကိုယ်စား)
(မြသူဇာ၊တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	Yangon Panatex Apparel Company Limited	(၁) Singapore Panatex Trading Co., Pte. Ltd. **Represented by** Mr. Hajime Okano Managing Director Japan P.P No TZ1007670	80 Raffles Place #33-00 UOB Plaza Singapore(048624) No.1459, Xinjinqiao Road, Pudong, Shanghai, China
		(၂) Ms. Yuri Yoshida Director Japan P.P No TH8048199	No.702, Honjo 1-6-11, Sumida - Ku, Tokyo, Japan

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် - ၀၉၂၀၄၃၉၀၄

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ -

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဒေါ်စန်းစန်းရီ

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

M-170
28/1/16

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / စိုက်မွေး
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ လ ၂၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅. ၁. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက - ၃/န-၁၃၀၃/၂၀၁၆(၅-က)

၁။ စင်ကာပူသမ္မတနိုင်ငံမှ Singapore Panatex Trading Co., Pte. Ltd. မှ ၉၉. ၉၉၉၃%နှင့် Mr. Hajime Okano မှ ၀. ၀၀၀၇% ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Yangon Panatex Apparel Company Limited တည်ထောင်ကာ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(င-၁၂)၊ မြေကွက်အမှတ်(၄)ရှိ မြေဧရိယာ ၁. ၉၉၄ ဧက အနက်မှ မြေဧရိယာ ၀. ၉၆ ဧက (၃၈၈၄. ၉၈ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအားငှားရမ်း၍ CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား(၁၁၀)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(င-၁၂)၊ မြေကွက်အမှတ်(၄)ရှိ မြေဧရိယာ ၁. ၉၉၄ ဧက အနက်မှ မြေဧရိယာ ၀. ၉၆ ဧက (၃၈၈၄. ၉၈ စတုရန်းမီတာ)အား 1 sq.metre per year = USD 24 နှုန်းဖြင့် (၅+၅+၅+၅)နှစ် (၂၀)နှစ် ငှားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့် (၂၁. ၁. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ် (၁၂)အရ Yangon Panatex Apparel Company Limited ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရွှေပြည်သာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Yangon Panatex Apparel Company Limited
လက်ခံစာတွဲ
မျှောစာတွဲ

ရင်းနှီးမြှုပ်နှံမှု ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်း အဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ ၀၀၁/MIC(OSS)/ECD/၀၁(၁၄/၁၆)
ရက် စွဲ ၊ ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁၈ ရက်

M-096
1811

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Yangon Panatex Apparel Company Limited မှ CMPစနစ်ဖြင့် အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းအားဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့် ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂-၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၃ / န-၁၃၀၃ / ၂၀၁၆(၄-က)

၁။ စင်္ကာပူသမ္မတနိုင်ငံမှ Singapore Panatex Trading Co., Pte.Ltd. မှ၉၉.၉၉၃% နှင့် Mr. Hajime Okano မှ ၀.၀၀၀၇% ထည့်ဝင်ကာမြန်မာနိုင်ငံတွင် Yangon Panatex Apparel Company Limited တည်ထောင်ပြီးရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာစုကနံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (င-၁၂)၊ မြေကွက်အမှတ်(၄)ရှိမြေဧရိယာ ၁.၉၉၄၉ ဧကအနက်မှ မြေဧရိယာ ၀.၆၉ ဧက (၃၈၈၄.၉၈၈၀တုရန်းမီတာ)နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦးအားငှားရမ်း၍ CMPစနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်ပတ်သက်၍ စိစစ်ပြီးသဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ ပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ(၅၀)နှစ်ဖြစ်ပြီးတည်ဆောက်ရေးကာလမှာ(၁)နှစ်ဖြစ်ကြောင်း၊ မီးဘေးကာကွယ်ရေးစီမံချက်၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်များကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှ ရရှိလာသောအသားတင်အမြတ်ငွေမှ(၁%)အားလူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility - CSR) လုပ်ငန်းများတွင်အသုံးပြုသွားမည်ဖြစ်ကြောင်း

ဖော်ပြပါရှိပါသည်။

၃။ အဆိုပါCMPစနစ်ဖြင့်အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ကုန်ကြမ်းပိတ်စများသည် မြေကြီးထဲတွင်ဆွေးမြေ့ရန်အချိန်ကြာမြင့်သဖြင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုဖြစ်ပေါ်နိုင်ခြင်း၊ လုပ်ငန်းအဆင့်တိုင်ထွက်ရှိလာမည့် ပိတ်ဖြတ်စများ၊ အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်လေထုနှင့်မြေထုညစ်ညမ်းမှုများဖြစ်ပေါ်နိုင်ခြင်း၊ ပိတ်စဖြတ်ခြင်း၊ ပုံစံညှပ်ခြင်း၊ ချုပ်လုပ်ခြင်းလုပ်ငန်းအဆင့်များတွင်စက်များကို အသုံးပြုဆောင်ရွက်ခြင်းကြောင့် ဆူညံသံများထွက်ပေါ်ပြီးအသံညစ်ညမ်းခြင်းစသော ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Yangon Panatex Apparel Company Limited မှCMPစနစ်ဖြင့်အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့် ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုစီမံကိန်းလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်ပျက်စီးမှုများကို ရှောင်ရှားနိုင်ရန်အတွက် လုပ်ငန်းအစီအမံများ၊ စက်ရုံပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးစီမံချက်များ၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ထုတ်လုပ်ခြင်းအဆင့်ဆင့်တို့၏ စီမံကိန်းဆိုင်ရာ အချက်အလက်များပြည့်စုံစွာဖော်ပြပြီးလုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များကိုအသုံးပြုရန်နှင့် အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ယူပူးပေါင်းဆောင်ရွက်မှု (Corporate Social Responsibility – CSR)အတွက်အသားတင်အမြတ်ငွေ၏ (၁%)အားအသုံးပြုခြင်းတို့အပါအဝင် ကတိကဝတ်များအားလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်မှုများကိုရှောင်ရှားနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းပညာများ၊ နည်းလမ်း

များကို အသုံးပြုရန်။

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်နှင့်လူတို့၏ ကျန်းမာရေးကိုမထိခိုက်စေရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်များစီမံခန့်ခွဲမှုနှင့်စောင့်ကြည့်လေ့လာမည့်အစီအစဉ်၊ သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Manangement Plan – EMP)ရေးဆွဲတင်ပြရန်နှင့်စီမံချက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၏သဘောထားများရယူဆောင်ရွက်ရန်၊ ဒေသခံပြည်သူများအတွက်လူမှုစီးပွားဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများရရှိနိုင်ရေးနည်းလမ်းများရှာဖွေအကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီး၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

M-154
26/1/16

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊၂၁- စမ(၂)၂၀၁၅-၂၀၁၆(၃၇၁၃)
ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅.၁.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက-၃ / န-၁၃၀၃/ ၂၀၁၆ (၅-ခ)

၁။ Yangon Panatex Apparel Co.,Ltd. မှ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာစုကနစ်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် (၄-၁၂)၊ မြေကွက်အမှတ်(၄)တွင် CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) CMP လုပ်ခနှုန်း တင်ပြချက်တွင် Man's Jacket Woven နှင့် Woman's Jacket Woven အတွက် လျှော့နည်းနေသဖြင့် အနည်းငယ်တိုးမြှင့် ပြင်ဆင်တင်ပြရန် လိုအပ်ပါသည်။ Annex 3

(စ) ကုန်ကြမ်းနှင့်ပူးတွဲသုံးပစ္စည်း သုံးစွဲမှုနှုန်းတင်ပြချက်တွင် Sewing Thread သုံးစွဲမှုနှုန်းအား Meter ဖြင့် ဆီလျော်သောနှုန်းထား ပြင်ဆင်တင်ပြရန် လိုအပ်ပါသည်။ Annex 6

(ဆ) နှစ်အလိုက် ကုန်ကြမ်းနှင့်ပူးတွဲသုံးပစ္စည်းလိုအပ်ချက်အား နှစ်အလိုက် ကုန်ထုတ်လုပ်မှုတင်ပြချက်နှင့် ကုန်ကြမ်းသုံးစွဲမှုနှုန်းအပေါ် မူတည်၍ ပြင်ဆင်တင်ပြရန် လိုအပ်ပြီး Man's, Woman's Home Wear ဟု ဖော်ပြထားခြင်းအား Garment အမည်ပေါ်လွင်အောင် ပြင်ဆင်ဖော်ပြရန် လိုအပ်ပါသည်။ Annex 3

(ဇ) စက်အင်အား/လူအင်အား ဆီလျော်မှုရှိသော်လည်း ကုန်ထုတ်လုပ်မှုအရေအတွက် အနည်းငယ်တိုးမြှင့်ရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ Yangon Panatex Apparel Co.,Ltd. မှ CMP စနစ်ဖြင့် အဝတ်အထည် မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါလိုအပ်ချက်အား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၂၂.၁.၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်

☎ -၀၁-၆၅၈၁၂၈
🖷 -၀၁-၆၅၈၁၄၁

စာအမှတ်၊ရက- ၃/ န-၁၃၀၃/ ၂၀၁၆(၂၁၄)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်

M-304
16/2/16

အဆိုပြုလွှာအပေါ် ထပ်မံစိစစ်ချက်

Yangon Panatex Apparel Company Limited သည် CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ပေးပို့ခဲ့သော သဘောထားမှတ်ချက် နှင့်စပ်လျဉ်း၍ ကုမ္ပဏီသည်ဌာန၏ လမ်းညွှန်ချက်နှင့်အညီပြန်လည်ပြင်ဆင်တင်ပြလာပါသဖြင့် ၎င်းပြင်ဆင်ချက်ကိုအောက်ပါဇယားတွင် စိစစ်မှတ်ချက်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၅.၂.၂၀၁၆

အတွင်းရေးမှူး(ကိုယ်စား)
(စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး)

စဉ်	ဌာန	စိစစ်သူ		စိစစ်ဆောင်ရွက်ချက်	လက်မှတ်
		အမည်	ရာထူး		
၁။	စက်မှုဝန်ကြီးဌာန	(ဝင်းနိုင်) လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) ဝန်ကြီးရုံး စက်မှုဝန်ကြီးဌာန		လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	၁၁/၂
၂။	အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း	ဦးအောင်မျိုးမင်း	ဒုအထွေထွေမန်နေဂျာ	လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄ -အလ/ခွဲ(၂)၂၀၁၆(၆၈၇)
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

MP 1.263
22.1.2016

သို့

M- 137
25/1

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Yangon Panatex Apparel Company Limited မှ CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်း လုပ်ငန်း သဘောထားမှတ်ချက် တောင်းခံခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅-၁-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက- ၃/န- ၁၃၀၃/၂၀၁၆(၅-၈)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်-အမှတ်(၀-၁၂)၊ အမှတ်(၄) ၌ စင်ကာပူသမ္မတနိုင်ငံမှ Singapore Panatex Trading Co., Pte Ltd က ၉၉.၉၉၉၃% နှင့် Mr. Hajime Okano က ၀.၀၀၀၇ % ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Yangon Panatex Apparel Company Limited တည်ထောင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်တင်ပြလာမှုအပေါ် CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် အထည်ချုပ်စက်ရုံ အမှတ်(၁၇) စက်ရုံမှူး ဒေါ်လှသီတာတို့သည် ၁၄-၁-၂၀၁၆ ရက်နေ့တွင် စက်ရုံသို့ သွားရောက်၍ စစ်ဆေးခဲ့ပါသည်။

၂။ Yangon Panatex Apparel Company Limited ၏ အဆိုပြုချက်အပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) CMP ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိ/မရှိ

ချုပ်ထည်	တစ်ခုလိုအပ်ချက်နှုန်းထား	ကိုက်ညီမှုရှိ/မရှိ
1. Man's Home Wear Woven	3.894 yds/pair	ကိုက်ညီမှုမရှိပါ။
2. Woman's Home Wear Woven	3.355 yds/pair	။
3. Man's Home Wear Knitted	2.618 yds/pair	ကိုက်ညီမှုရှိပါသည်။
4. Woman's Home Wear Knitted	2.299 yds/pair	။
5. Man's Jacket Woven	2.2 yds/pc	။
6. Woman's Jacket Woven	2.2 yds/pc	။
7. Man's Pant Woven	1.65 yds/pc	ကိုက်ညီမှုမရှိပါ။

8. Woman's Pant Woven	1.65 yds/pc	ကိုက်ညီမှုမရှိပါ။
9. Man's T-Shirt	0.88 yd/pc	ကိုက်ညီမှုရှိပါသည်။
10. Woman's T-Shirt	0.88 yd/pc	॥

အဆိုပြုချက်ပါ ပစ္စည်းအားလုံး၏ ကုန်ကြမ်းသုံးစွဲမှုနှုန်းထား၊ တစ်ထည်လိုအပ်ချက်နှုန်းထား၊ တားမြစ်သတ်မှတ်စံနှုန်းထားများနှင့် ကိုက်ညီမှုမရှိပါ။ အမျိုးအစားတိုင်း၌ Bias Binding နှင့် Bias Iter Lining များ သုံးစွဲထားသည်ကို တွေ့ရပြီး Pant ၌ ၎င်းအပြင် Interlining များ 3.51 yds သုံးထားသည်ကို တွေ့ရပါသည်။ Thread ကို meter (or) yard ဖြင့် ဖော်ပြရမည်ဖြစ်ရာ Cone ဖြင့် ဖော်ပြထား၍ သုံးစွဲမှုကို စိစစ်မရပါ။ Jacket နှင့် T-shirt တွင် Embroiding thread လည်း သုံးစွဲထားသည်ကို တွေ့ရပါသည်-

ချုပ်ထည်	အဆိုပြု ထုတ်လုပ်မှု အရေအတွက်	တစ်ထည်လိုအပ် ချက်နှုန်းထား	လိုအပ်မည့် ကုန်ကြမ်း အရေအတွက်
1. Man's Home Wear Woven	20000 pairs	3.5 yds/pair	70000 yds
2. Woman'sHomeWear Woven	20000 pairs	3.00 yds/pair	60000 yds
3. Man's Home Wear Knitted	20000 pairs	2.618 yds/pair	52360 yds
4. Woman's Home Wear Knitted	20000 pairs	2.299 yds/pair	45980 yds
5. Man's Jacket Woven	2000 pcs	2.200 yds/pc	4400 yds
6. Woman's Jacket Woven	2000 pcs	2.200 yds/pc	4400 yds
7. Man's Pant Woven	2000 pcs	1.500 yds/pc	3000 yds
8. Woman's Pant Woven	2000 pcs	1.500 yds/pc	3000 yds
9. Man's T-Shirt	2000 pcs	0.88 yd/pc	1760 yds
10. Woman's T-Shirt	2000 pcs	0.88 yd/pc	1760 yds

အဆိုပြုချက်ပါပစ္စည်းအားလုံး ထုတ်လုပ်မည်ဆိုပါက စုစုပေါင်းကုန်ကြမ်း 246660 yds ကုန်ကျမည်ဖြစ်သဖြင့် အဆိုပြုချက်တွင် 262218 yds ဖော်ပြထားသဖြင့် 15558 yds ပိုများနေသဖြင့် ပြင်ဆင်တင်ပြသင့်ပါသည်။

(ခ) **CMPလက်ခနှုန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ**

အဆိုပြုချက်ပါ CMP လက်ခ နှုန်းထားများသည် လက်ရှိလက်ခနှုန်းထား နှင့် နှိုင်းယှဉ်ရာတွင် T-Shirt မှာ ဈေးပိုရပြီး Jacket မှာ နည်းနေကြောင်း တွေ့ရှိ ရ၍ ပြင်ဆင်တင်ပြသင့်ပါသည် -

ချုပ်ထည်	အဆိုပြုချက်ပါ CMP လက်ခနှုန်းထား	အထည်ချုပ်အသင်း၏ CMP လက်ခနှုန်းထား
1. Man's Home Wear Woven	2.20 US$/pair	2.5-3 US$/pair
2. Woman's Home Wear Woven	2.20 US$/pair	2-2.5 US$/pair
3. Man's Home Wear Knitted	2.20 US$/pair	2.5-3 US$/pair

4. Woman's Home Wear Knitted	2.20 US$/pair	2-2.5 US$/pair
5. Man's Jacket Woven	2.20 US$/pc	3-3.5US$/pc
6. Woman's Jacket Woven	2.20 US$/pc	3-3.5 US$/pc
7. Man's Pant Woven	2.20 US$/pc	1.5-2 US$/pc
8. Woman's Pant Woven	2.20 US$/pc	1.5-2 US$/pc
9. Man's T-Shirt	2.20 US$/pc	1-1.5 US$/pc
10. Woman's T-Shirt	2.20 US$/pc	1-1.5 US$/pc

(ဂ) **နှစ်စဉ်ထုတ်လုပ်မှု ၊ စက်အင်အား ၊ လူအင်အားအချိုးအစား ညီမျှမှု ရှိ/မရှိ**

အဆိုပြုချက်ပါ ထုတ်လုပ်မည့် ပစ္စည်းများမှာ Man's & Woman's တို့၏ Home Wear , Home Knitted Wear, Jacket , Pant, T - shirt တို့ဖြစ်ပြီး အဓိက စက်အနေဖြင့် Single Needle Lock Stitch Machines ၅၀ လုံး ၊ Over Lock Machines ၄၀ လုံး၊ Double Needle Lock stitch Machines ၁၀ လုံး ဟု ဖော်ပြထားခြင်း ၊ ဝန်ထမ်းအနေဖြင့် Production Workers ၉၃ ဦး နှင့် Cutting Finishing , Quantity Control Helper, အခြားစက်များအတွက် လူခွဲထုတ်ပါက စက်အားလုံး မလည်ပတ်နိုင်ပါ။ လူကိုအခြေခံပြီး တွက်ချက်ပါက -

ချုပ်ထည်	ကုန်ထုတ်စက်	တစ်ရက်ထုတ်လုပ်နိုင်မှု	တစ်နှစ်ထုတ်လုပ်မှု (၃၁၀) ရက်
1. Man's Home Wear Woven	စက်(၁)လိုင်း	54 pairs/10 hour	16740 pairs
2. Woman's Home Wear Woven	စက်(၁)လိုင်း	54 pairs/10 hour	16740 pairs
3. Man's Home Wear Knitted	စက်(၁)လိုင်း	72 pairs/10 hour	22320 pairs
4. Woman's Home Wear Knitted	စက်(၁)လိုင်း	72 pairs/10 hour	22320 pairs
5. Man's Jacket Woven	စက်(၁)လိုင်း	12 pcs/10 hour	3720 pcs
6. Woman'sJacketWoven	စက်(၁)လိုင်း	12 pcs/10 hour	3720 pcs
7. Man's Pants Woven	စက်(၁)လိုင်း	12 pcs/10 hour	3720 pcs
8. Woman'sPantsWoven	စက်(၁)လိုင်း	12 pcs/10 hour	3720 pcs
9. Man's T-Shirt	စက်(၁)လိုင်း	12 pcs/10 hour	3720 pcs
10. Woman's T-Shirt	စက်(၁)လိုင်း	12 pcs/10 hour	3720 pcs

အဆိုပြုချက်ပါအရေအတွက်နှင့်အမှန်အရေအတွက်ကို နှိုင်းယှဉ်ပါက ပထမနှစ်တွင် ထုတ်လုပ်ခြင်း မရှိဘဲ ဒုတိယနှစ်တွင် စက်လိုင်းများ ပြောင်းလဲ ထုတ်လုပ်ခြင်းဖြင့် ပြည့်မှီနိုင်ပြီး အဆိုပြု နောက်နှစ်များတွင် လူဦးရေ (၂)ဦး၊ (၃)ဦးသာ တိုးသော်လည်း Production မှာ တိုးလာ၍ ထပ်မံ ခန့်ထားရမည်ဖြစ်ပါသည် -

ချုပ်ထည်	အဆိုပြု ထုတ်လုပ်မှု အရေအတွက်	တစ်နှစ်ထုတ်လုပ်နိုင်မှု ပမာဏ
1. Man'sHomeWearWoven	20000 pairs	16740-17200 pairs
2. Woman'sHomeWearWoven	20000 pairs	16740-17200 pairs
3. Man's Home Wear Knitted	20000 pairs	22320-22800 pairs
4. Woman'sHomeWearKnitted	20000 pairs	22320-22800 pairs
5. Man's Jacket Woven	2000 pcs	3720-4200 pcs
6. Woman's Jacket Woven	2000 pcs	3720-4200 pcs
7. Man's Pants Woven	2000 pcs	3720-4200 pcs
8. Woman's Pants Woven	2000 pcs	3720-4200 pcs
9. Man's T-Shirt	2000 pcs	3720-4200 pcs
10. Woman's T-Shirt	2000 pcs	3720-4200 pcs

၃။ သို့ဖြစ်ပါ၍ Yangon Panatex Apparel Company Limited အား ပြင်ဆင်တင်ပြသင့်သည်များကို ပြင်ဆင်တင်ပြစေပြီးမှသာ ခွင့်ပြုသင့်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ထင်အောင်၊ အတွင်းရေးမှူး)
(ဒုတိယဝန်ကြီး၊အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)

မိတ္တူကို

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ)
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
(CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့)
Yangon Panatex Apparel Company Limited
ရုံးလက်ခံ
မျှောစာတွဲ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်

☎ -၀၁-၆၅၈၁၂၈

🖷 -၀၁-၆၅၈၁၄၁

M-230
5/2

စာအမှတ်၊ရက- ၃/ န-၁၃၀၃/၂၀၁၆(၂၁၅)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်

အဆိုပြုလွှာအပေါ်ထပ်မံစိစစ်ချက်

Yangon Panatex Apparel Company Limited သည် CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်ခြင်းလုပ်ငန်းအတွက် ပေးပို့ခဲ့သော သဘောထားမှတ်ချက် နှင့်စပ်လျဉ်း၍ ကုမ္ပဏီသည်ဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပြင်ဆင် တင်ပြလာပါသဖြင့် ၎င်းပြင်ဆင်ချက်ကို အောက်ပါဇယားတွင် စိစစ်မှတ်ချက်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၅.၂.၂၀၁၆

အတွင်းရေးမှူး(ကိုယ်စား)

(စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး)

စဉ်	ဌာန	စိစစ်သူ		စိစစ်ဆောင်ရွက်ချက်	လက်မှတ်
		အမည်	ရာထူး		
၁။	CMPလုပ်ငန်းများကြီးကြပ်ရေးကော်မတီ	[illegible]	[illegible]	လက်ခံနိုင်ပါသည်/ ~~ပြန်လည်စိစစ်ရန်လိုအပ်ပါသည်/ လက်မခံနိုင်ပါ~~	[illegible] လှသီတာ [illegible]

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

checking ကန့်သတ် Inv(2)